# အသားတိုးဝက်မွေးမြူခြင်း

အသားတိုးဝက်မွေးမြူခြင်းလုပ်ငန်းသည် မြေယာမဲ့နှင့်တောင်သူများအတွက် အမြတ်အစွန်းရရှိ နိုင်သောစီးပွါးရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် အချိန်တိုကာလအတွင်း ဝင်ငွေကောင်းမွန်သောလုပ်ငန်း တစ်ခုလည်းဖြစ်ပါသည် ။ အသက် (၄၅) ရက်မှ(၆၀)ရက်အတွင်းရှိဝက်ငယ်များကိုဝယ်ယူပြီး မီးဖိုချောင်မှ စွန့်ပစ်သော စားကျွင်းစားကျန် ၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်း ( ဆန်ကွဲ ၊ ဖွဲနု ) ၊ ရွာပတ်လည်ရှိ အသီး အရွက်များနှင့် ရောစပ်စာများကို ဝယ်ယူကျွေးမွေးခြင်းဖြင့် အသားတိုးဝက်မွေးမြူခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ပါသည် ။ ( ၈ ) လအကြာတွင်ဝက်များကိုဈေးကွက်ပို့ရောင်းချနိုင်သည် ။

## ဘယ်ဝက်မျိုးကိုမွေးမှာလဲ။

အသားတိုးမွေးမြူရန် ပြည်ပမျိုးနှင့်စပ်သော ကပြားမျိုးသည် အကောင်းဆုံးဖြစ်ပါသည် ။ ကပြားဝက်များသည်နားရွက်ထောင်၍ဖြောင့်တန်းသောမျက်နှာရှိသဖြင့် အလွယ်တကူခွဲခြားသိရှိနိုင်ပါသည် ။ ၎င်းအပြင် ဒေသရာသီဥတုဒဏ်ကိုခံနိုင်ပြီး ၊ ဒေသအတွင်းရရှိနိုင်သောအစားအစာဖြင့် မွေးမြူနိုင်ပါသည် ။

## ဝယ်ယူရမည့်ဝက်မျိုး။



- အသက် ( ၄၅ ) ရက်မှ ရက် ( ၆၀ ) အတွင်းရှိ နို့ခွဲဝက်ငယ်များကိုဝယ်ယူပါ ။
- ဝယ်သောဝက်ငယ်များသည် ကျန်းမာသန်စွမ်းပြီး မွေးရာပါကိုယ်အင်္ဂါချို့ယွင်းချက်များ မပါရှိစေရ ။ ထိုအပြင် ကျောရိုးဖြောင့်တန်း၍ ၊ ကျောပြင်ကျယ်ပြီး တင်ပဆုံပိုင်းဖွံ့ဖြိုးမှုရှိရမည် ။ဝက်ဝမ်းကျရောဂါနှင့်

  ဝက်ပလိပ်ရောဂါကာကွယ်ဆေး ထိုးနှံပြီး / မပြီး သေချာစွာစိစစ်ပါ ။

## သင်းကွပ်ခြင်း

ဖြစ်နိုင်ပါက သင်းကွပ်ပြီးဝက်ကိုဝယ်ပါ ။ သင်းမကွပ်ရသေးပါက တိရစ္ဆာန်ဆရာဝန် ( သို့မဟုတ် ) မွေးမြူရေးတိုးချဲ့လုပ်သား ( သို့မဟုတ် ) ရွာအတွင်းရှိတတ်ကျွမ်းသူတစ်ဦးဦးဖြင့် အမြန်ဆုံး ( တစ်ပတ် အတွင်း ) သင်းကွပ်ပါ ။ သင်းကွပ်ပြီးဝက်များကို ခြောက်သွေ့သန့်ရှင်းသောနေရာ၌ တစ်ပတ်ခန့်ထားပါ ။

ညစ်ပတ်စွတ်စိုသောနေရာတွင်ထားပါက သင်းကွပ်သည့်ဒဏ်ရာမှ မေးခိုင်ပိုးဝင်ရောက်နိုင်ပါသည် ။

## သံချခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်း။



ဝက်များကိုသံရောဂါကင်းရှင်းစေရန် တိုင်းရင်းရိုးရာနည်း ( သဘော်သီးအစေ့ ၊ ကွမ်းသီး ) ဖြင့် လည်းကောင်း ၊ ခေတ်မီ သောက်ဆေး / ထိုးဆေးများဖြင့်လည်းကောင်း သံချပေးပါ ။ သံချထားသော

ဝက်များသည် ကျန်းမာ၍ကြီးထွားနှုန်းမြန်ဆန်သည် ။ အကယ်၍ဝယ်ယူစဉ်တွင် ဝက်များကိုကာကွယ်ဆေး မထိုးရသေးပါက ဝက်ဝမ်းကျနှင့်ဝက်ပလိပ်ရောဂါကာကွယ်ဆေးများကိုထိုးပေးရမည် ။ အသားတိုးမွေးရာတွင် ကာကွယ်ဆေးကို တစ်ကြိမ်သာထိုးရန်လိုအပ်ပါသည် ။

# အစာကျွေးနည်းစနစ်။



သန့်ရှင်းလတ်ဆတ်ပြီး မှိုမတက်သောအစာကို တစ်နေ့ (၂) ကြိမ်(သို့မဟုတ်) စားနိုင်သမျှကျွေးပါ။



အစာကိုရောစပ်ကျွေးမွေးပါက အသားဓာတ်ပါဝင်မှုများသော

- ပဲဖတ် ၊
- ငါးခြောက် ၊
- ရောစပ်စာ ( အသားဓာတ် ၁၄% )

တို့ဖြင့် ဖြည့်စွက်ကျွေးပါ ။ အစာခွက် ၊ ရေခွက်များကို သန့်ရှင်းစွာထားပါ ။ အစာခွက်အတွင်းရှိ အစာကျန်များကို ဖယ်ထုတ်ပါ ။

# ရောင်းချခြင်း။



ဝက်များကို အချိန် ( ၃၈–၄၀) ပိဿာတွင် ဈေးကွက်ပို့ရောင်းချပါ ။ အစာကျွေးမွေးမှုကောင်းမွန်

ပါက မွေးမြူချိန် ( ၈ ) လအတွင်း ( သို့မဟုတ် ) ဝက်များ၏အသက် (၁၀)လတွင်ရရှိနိုင်ပါသည် ။

မရောင်းချမီဈေးနှုန်းကိုစုံစမ်းပါ ။ တစ်ပတ် ( သို့မဟုတ် ) အချိန်ပိုစောင့်ဆိုင်းခြင်းဖြင့်ဈေးပိုမိုရရှိနိုင်သည် ။ ခင်မောင်ထွန်း